အင်္ဂလိပ်အမည် - Brown plant hopper (BPH )
မြန်မာအမည် - ဖြုတ်ညို
သိပ္ပံအမည် - *Nilaparvata lugens*
ပျံ့နှံ့တည်ရှိမှု - မြန်မာပြည်နေရာအနှံ့အပြားတွင် ကျရောက်သည်။
စားသောက်ပုံ - စုပ်စားသည်။

### ဖျက်ဆီးပုံလက္ခဏာ

ဖြုတ်ညိုသည် ဖြုတ်စိမ်းကဲ့သို့ အပင်ကိုဖျက်ဆီးသည်။ ဥမှပေါက်ခါစ ဖြုတ်ငယ်သည် စပါးပင်ငယ်ကို တိုက်ခိုက်ပါက အပင်သည် လုံးဝခြောက်သွားသည်။ ဖြုတ်ညိုကြောင့် sooty mould များဖြစ်သည်။ (Hopper burn) ဖြုတ်လောင်လက္ခဏာသည် စပါးပင် ရင့်ခါနီးတွင် ကျပါက ပိုဆိုးသည်။ အပင်သက်တမ်း နုစဉ်၌ ဖြုတ်စိမ်းကျရောက်တတ်ပြီး ဖြုတ်ညိုသည် အပင်သက်တမ်းရင့်မှ ကျတတ်သည်။



ဖျက်ဆီးပုံ လက္ခဏာ



ဖြုတ်ညိုပိုး၏ ဘဝစက်ဝန်း

### ကာကွယ်နှိမ်နင်းနည်း

(၁) ပေါင်းမြက်များကို ရှင်းလင်းပါ။ အပင်သိပ်သည်းစွာ စိုက်ပါက ဖြုတ်ညိုကျရောက်မှု ပိုများစေပြီး တိုက်ရိုက်စိုက်ခင်းကို ဖြုတ်ညိုပိုး ကြိုက်နှစ်သက်သည်။
(၂) လယ်ကွင်းထဲသို့ ရေဆက်တိုက်သွင်းခြင်းဖြင့် ဖြုတ်ပိုးကျရောက်မှုများစေသဖြင့် ရေထုတ်ခြင်းအားဖြင့် ဖြုတ်ကျရောက်မှု သက်သာစေသည်။
(၃) ယခင်နှစ် ဖြုတ်ပိုးကျသော စပါးခင်းနှင့် ရိုးပြတ်များ မီးရှို့ပါ။
(၄) မြန်မာနိုင်ငံတွင် ဝယ်ယူအသုံးပြုနိုင်သော ပိုးသတ်ဆေးများနှင့် နှုန်းထားများ။

| စဉ် | ပိုးသတ်ဆေး | နှုန်းထား (ဧက) | အာနိသင် |
|---|---|---|---|
| ၁ | ဒိုင်မီသိုအိတ် ၄၀ အီးစီ | ၂၀၀ - ၄၀၀ စီစီ/ဧက | ပင်လုံးပြန့် |
| ၂ | ကာဘိုဖျူရန် ၃ ဂျီ | ၅ ကီလိုဂရမ်/ဧက | ပင်လုံးပြန့် |
| ၃ | ကားတက်ဟိုက်ဒရိုကလိုရိုဒ် ၅၀ အက်စ်ပီ | ၂၅၀ ဂရမ်/ဧက | ပင်လုံးပြန့် |
| ၄ | ကလိုပိုင်ရီဖော့(စ်) ၂၀ အီးစီ | ၃၀၀ စီစီ/ဧက | ထိသေ |

အင်္ဂလိပ်အမည် - Army worm (Rice cutworm)
မြန်မာအမည် - ငမြှောင်တောင်
သိပ္ပံအမည် - *Spodoptera litura*
ပျံ့နှံ့တည်ရှိမှု - မြန်မာပြည်နေရာအနှံ့အပြား ကျရောက်သည်။
စားသောက်ပုံ - ကိုက်ဖြတ်ခြစ်စားသည်။

### ဖျက်ဆီးပုံလက္ခဏာ

ငယ်ရွယ်စဉ်တွင် အရွက်၏အစိမ်းရောင်ကို ခြစ်စားသည်။ အကောင်ကြီးသည် အရွက်များကို ကိုက်ဖြတ်စားသောက်သဖြင့် အရွက်များပြတ်နေသည်။ ပျိုးခင်းတွင် ပိုမိုတွေ့နိုင်သည်။

ဖျက်ဆီးပုံ လက္ခဏာ



ငမြှောင်တောင်၏ ဘဝစက်ဝန်း

### ကာကွယ်နှိမ်နင်းနည်း

၁။ ပတ်ဝန်းကျင်ရှိ ပေါင်းမြက်များကို ရှင်းလင်းပါ။
၂။ တယ်ရေးနက်နက်ထိုးပြီး ရိုးပြတ်များကို မီးရှို့ပါ။
၃။ ထိသေ၊ စားသေ ပိုးသတ်ဆေးတစ်မျိုးမျိုးကို စပါးရွက်အောက်မျက်နှာပြင်ရောက်အောင်ဖြန်းပါ။
၄။ မြန်မာနိုင်ငံတွင် ဝယ်ယူအသုံးပြုနိုင်သော ပိုးသတ်ဆေးများနှင့် နှုန်းထားများ။

| စဉ် | ပိုးသတ်ဆေး | နှုန်းထား (ဧက) | အာနိသင် |
|---|---|---|---|
| ၁ | ဒိုင်ယာဇီနွန် ၄၀ အီးစီ | ၅၀၀ စီစီ/ဧက | ထိသေ |
| ၂ | ဒိုင်ယာဇီနွန် ၁၀ ဂျီ | ၅၀၀ ဂရမ်/ဧက | ထိသေ |
| ၃ | ဖီနိုက်ထရိုသီယွန် ၅၀ အီးစီ | ၅၀၀ စီစီ/ဧက | ထိသေ |
| ၄ | ဖန်သိုအိတ် ၅၀ အီးစီ | ၅၀၀ စီစီ/ဧက | ထိသေ |

အင်္ဂလိပ်အမည် - Ear bug
မြန်မာအမည် - နံ့စုပ်ပိုး
သိပ္ပံအမည် - *Leptocorisa spp.*
ပျံ့နှံ့တည်ရှိမှု - အောက်မြန်မာပြည်နေရာအနှံ့အပြား၊ မြန်မာနိုင်ငံအလယ်ပိုင်း၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း။
စားသောက်ပုံ - စုပ်စားဖျက်ဆီးသည်။

### ဖျက်ဆီးပုံလက္ခဏာ

စပါးနှံမပေါ်ခင်တွင် အရွက်နုများကို စုပ်စားဖျက်ဆီးသည်။ စပါးခင်းအတွင်း နံနက်စောစောနှင့် ညနေပိုင်းတို့တွင် စပါးအစေ့တွင်းစာများကို စုပ်စားသည်။ နေ့ရည်တည်နေချိန်တွင်လည်းကောင်း၊ နေ့ရည်ခဲပျော့ပျော့နှင့်မာခဲသည့် အချိန်တို့တွင်လည်းကောင်း စားသောက်သည်။ စပါးအနှံထွက်ချိန်တွင် စပါးနှံများ သေးသိမ် ဝါခြောက် ထိုးထောင်နေသည်ကို တွေ့ရသည်။ စပါးစေ့များ ပိုမိုသေးငယ်စေသည်။ ထူးခြားချက်မှာ နံ့စုပ်ပိုးတွင် ထူးခြားအနံ့ပါရှိပါသည်။ စပါးဆစ်ပိုး ဖျက်ဆီးမှုလက္ခဏာနှင့် လွဲတတ်သည်။ သို့သော် စပါးနံ့စေ့ပေါ်တွင် ညိုနက်ရောင် အစက်များ တွေ့ရှိနိုင်သည်။


ဖျက်ဆီးပုံ လက္ခဏာ



နံ့စုပ်ပိုး၏ ဘဝစက်ဝန်း

### ကာကွယ်နှိမ်နင်းနည်း

(၁) စပါးနံ့စုပ်ပိုးသည် မြက်ရိုင်းများပေါ်တွင် အသက်ရှင်နိုင်သဖြင့် စပါးခင်းအနီးပတ်ဝန်းကျင်ရှိ ပေါင်းမြက်၊ မြက်ရိုင်းများကို ရှင်းပါ။
(၂) နံ့စုပ်ပိုး အနည်းငယ်တွေ့ပါက လက်ဖြင့် ကောက်ယူဖျက်ဆီးပါ။
(၃) ပိုးသတ်ဆေးများကို အပင်ထိပ်ဖျားမှ အရွက်အနုအရင့် တစ်ပင်လုံးအတွက် နေရာအနှံ့ ရောက်ရှိရန် ဖျန်းပါ။
(၄) မြန်မာနိုင်ငံတွင် ဝယ်ယူအသုံးပြုနိုင်သော ပိုးသတ်ဆေးများနှင့် နှုန်းထားများ။

| စဉ် | ပိုးသတ်ဆေး | နှုန်းထား (ဧက) | အာနိသင် |
|---|---|---|---|
| ၁ | ဒိုင်မီသိုအိတ် ၄၀ အီးစီ | ၂၀၀ - ၄၀၀ စီစီ/ဧက | ပင်လုံးပြန့် |
| ၂ | ကာဘိုဖျူရန် ၃ ဂျီ | ၅ ကီလိုဂရမ်/ဧက | ပင်လုံးပြန့် |
| ၃ | ကားတက်ဟိုက်ဒရိုကလိုရိုဒ် ၅၀ အက်စ်ပီ | ၂၅၀ ဂရမ်/ဧက | ပင်လုံးပြန့် |
| ၄ | ကလိုပိုင်ရီဖော့(စ်) ၂၀ အီးစီ | ၃၀၀ စီစီ/ဧက | ထိသေ |

အင်္ဂလိပ်အမည် - Thrips
မြန်မာအမည် - သရစ်ပိုး
သိပ္ပံအမည် - *Baliothrips biformis*
ပျံ့နှံ့တည်ရှိမှု - မြန်မာပြည်နေရာအနှံ့ကျရောက်သည်၊ အထူးသဖြင့် နွေစပါးစိုက်ခင်းများတွင် ကျရောက်သည်။
စားသောက်ပုံ - စုပ်စားသည်။

### ဖျက်ဆီးပုံလက္ခဏာ

သရစ်ပိုးကျရောက်ပါက ရွက်ထိပ်ဖျားများခြောက်သွေ့နေပြီး ကျရောက်မှုများပါက ရေလိုအပ်သောစပါးပင်၏လက္ခဏာ နှင့်တူသည်။ စိုက်ခင်းတွင် ရေမရှိပါက ထိုလက္ခဏာပိုမိုထင်ရှားပြီး စပါးရွက်အောက်မျက်နှာပြင်တွင် အဝါရောင်မှ အနီရောင်ထိ အစင်းများတွေ့ရပြီး အရွက်အနားမှ အရွက်အလယ် ရိုးထိ လိပ်ဝင်နေသည်ကို တွေ့ရသည်။





### ဖျက်ဆီးပုံလက္ခဏာ



သရစ်ပိုး၏ဘဝစက်ဝန်း

### ကာကွယ်နှိမ်နင်းနည်း

(၁) ပျိုးခင်းခြောက်သွေ့နေပါက ရေ နေ့တဝက်ခန့်သွင်းပေးပါ။
(၂) အရွက်လိပ်ခြောက်နေသောစပါးရွက်များ ၊ စပါးရွက်ဘေးနှုတ်ခမ်းမရွက် ယ်ကြောအတွင်းလိပ်နေသောစပါးပင်များကို နှုတ်ယူမီးရှို့ပါ။
(၃) ပေါင်းမြက်များရှင်းလင်းပါ။
(၄) ပင်လုံးပြန့်ပိုးသတ်ဆေးတစ်မျိုးအား ပိုးကျရောက်သောစပါးရွက်များသို့ ကျရောက်အောင်ပက်ဖျန်းပါ။

| စဉ် | ပိုးသတ်ဆေး | နှုန်းထား (ဧက) | အာနိသင် |
|---|---|---|---|
| ၁ | ဒိုင်မီသိုအိတ် ၄၀ အီးစီ | ၂၀၀ - ၄၀၀ စီစီ/ဧက | ပင်လုံးပြန့် |
| ၂ | ကာဘိုဖျူရန် ၃ ဂျီ | ၅ ကီလိုဂရမ်/ဧက | ပင်လုံးပြန့် |
| ၃ | ကားတက်ဟိုက်ဒရိုကလိုရိုဒ် ၅၀ အက်စ်ပီ | ၂၅၀ ဂရမ်/ဧက | ပင်လုံးပြန့် |
| ၄ | ကလိုပိုင်ရီဖော့(စ်) ၂၀ အီးစီ | ၃၀၀ စီစီ/ဧက | ထိသေ |

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
သီးနှံကာကွယ်ရေးဌာနခွဲ

# စပါးသီးနှံတွင်ကျရောက်သော ပိုးမွှားများနှင့် ကာကွယ်နှိမ်နင်းနည်းများ

အင်္ဂလိပ်အမည် - Caseworm
မြန်မာအမည် - ရွက်လိပ်အိမ်ပိုး
သိပ္ပံအမည် - *Parapoynx stagnalis*
*( Nymphula depunctalis)*
ပျံ့နှံ့တည်ရှိမှု - အောက်မြန်မာနိုင်ငံနေရာအနှံ့နှင့် အထက်မြန်မာပြည်စပါးမျိုးအချို့။
စားသောက်ပုံ - ကိုက်ဖြတ်ခြစ်စားသည်။

### ဖျက်ဆီးပုံလက္ခဏာ

ပိုးလောက်ကောင်သည် စပါးရွက်ထိပ်ပိုင်းအား တိတိ ကိုက်ဖြတ်၍၊ ရွက်အိမ်ပြုလုပ်သည်။ ရွက်လိပ်အတွင်း နေထိုင်ကာ စပါးရွက်အောက်မျက်နှာပြင်၏ အစိမ်းရောင်ကို ခြစ်စားသည်။ စပါးရွက်များမှာ အဖြူရောင် အမှေးပါးများ အကွက်လိုက် ကျန်ရစ်သည်။ အပင်ငယ်စဉ်တွင် ပိုမိုဆိုးဝါးစွာ ကျရောက်နိုင်သည်။


ဖျက်ဆီးပုံ လက္ခဏာ



ရွက်လိပ်အိမ်ပိုး၏ဘဝစက်ဝန်း

### ကာကွယ်နှိမ်နင်းနည်း

(၁) ရောဂါကျစပါးခင်းအတွင်းရှိ ရေကို(၂-၃)ရက် ခန့်ထုတ်ပစ်ပါ။
(၂) ပေါင်းမြက်များကို ရှင်းလင်းပါ။
(၃) ထိတွေ့ပိုးသတ်ဆေးတစ်မျိုးမျိုးဖြင့် ပက်ဖျန်းနှိမ်နင်းပါ။
(၄) မြန်မာနိုင်ငံတွင် ဝယ်ယူအသုံးပြုနိုင်သော ပိုးသတ်ဆေးများနှင့် နှုန်းထားများ။

| စဉ် | ပိုးသတ်ဆေး | နှုန်းထား (ဧက) | အာနိသင် |
|---|---|---|---|
| ၁ | ဒိုင်ယာဇီနွန် ၄၀ အီးစီ | ၅၀၀ စီစီ/ဧက | ထိသေ |
| ၂ | ဖီနိုက်ထရိုသီယွန် ၅၀ အီးစီ | ၅၀၀ စီစီ/ဧက | ထိသေ |
| ၃ | ဖန်သိုအိတ် ၅၀ အီးစီ | ၅၀၀ စီစီ/ဧက | ထိသေ |
| ၄ | မာလာသီယွန် ၅၇ အီးစီ | ၅၀၀ စီစီ/ဧက | ထိသေ |

အင်္ဂလိပ်အမည် - Gallmidge
မြန်မာအမည် - ကြက်သွန်မြိတ်ပိုး
သိပ္ပံအမည် - *Orseolia oryzae*
ပျံ့နှံ့တည်ရှိမှု - အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်နေရာ အနှံ့စပါးမျိုးအချို့။
စားသောက်ပုံ - ထွင်းဖောက်စားသည်။

### ဖျက်ဆီးပုံလက္ခဏာ

ပိုးလောက်ကောင်သည် ဖွံ့ဖြိုးဆဲပင်ပွား၏ အခြေတွင် ဝင်ရောက်စားသောက်ခြင်းဖြင့် ကြက်သွန်မြိတ်သဏ္ဍာန် ဖုလုံးဖြစ်ပေါ်လာသည်။ ကြက်သွန်မြိတ်ပိုး ဆိုးဝါးစွာ ဖျက်စီးမှုသည် ပိုးကျရောက်သည့် အချိန်နှင့် ဆက်စပ်နေသည်။ ပျိုးခင်းကတည်းက ကျရောက်ပါက စပါးအနှံ့ သန္ဓေမတည်မီကာလအတွင်း အကြိမ်များစွာ ဘဝလည်နိုင်သည်။ စပါးကို နောက်ကျ၍ စိုက်ပါက ပိုးဖျက်ဆီးမှုဆိုးဝါးနိုင်ပါသည်။

ဖျက်ဆီးပုံ လက္ခဏာ



ကြက်သွန်မြိတ်ပိုး၏ ဘဝစက်ဝန်း

### ကာကွယ်နှိမ်နင်းနည်း

(၁) ယခင်နှစ်က ဖျက်ပိုးကျရောက်သောအချိန်ကို မှတ်သားပြီး စိုက်ချိန်ရွှေ့ပြောင်း စိုက်ရမည်။ သာမန်အားဖြင့် မိုးအခြေအနေကို ကြည့်ပြီး စောနိုင်သမျှ စောစော စိုက်ရမည်။
(၂) ပေါင်းမြက်များ၊ ရိုးပြတ်များကို ရှင်းလင်းပါ၊ မီးရှို့ပါ။
(၃) ပျိုးခင်းမှ ပင်ပွားအများဆုံး ထွက်ချိန်အတွင်း ပိုးကျရောက်ပါက ပင်လုံးပြန့်ပိုးသတ်ဆေး အခဲ၊ အရည် တစ်မျိုးမျိုးဖြင့် နှိမ်နင်းနိုင်သည်။
(၄) နှစ်စဉ် ဆိုးဝါးစွာကျရောက်သောဒေသ၌ ပျိုးခင်းတွင် ပျိုးမနှုတ်ခင်မှ (၅)ရက်ခန့်အလိုတွင် ဒိုင်ယာဇီနွန် (၁၀)ဂျီ တစ်ဧက (၅၀၀) ဂရမ်နှုန်း မြေပြင်ချိန်တွင် ထည့်ပါ။
(၅) မြန်မာနိုင်ငံတွင် ဝယ်ယူအသုံးပြုနိုင်သော ပိုးသတ်ဆေးများနှင့် နှုန်းထားများ။

| စဉ် | ပိုးသတ်ဆေး | နှုန်းထား (ဧက) | အာနိသင် |
|---|---|---|---|
| ၁ | ဒိုင်ယာဇီနွန် ၁၀ ဂျီ | ၅၀၀ ဂရမ်/ဧက | ထိသေ |
| ၂ | ဖီနိုက်ထရိုသီယွန် ၅၀ အီးစီ | ၅၀၀ စီစီ/ဧက | ထိသေ |
| ၃ | အဆီဖိတ် ၇၅ အက်စ်ပီ | ၄၀၀ စီစီ/ဧက | ပင်လုံးပြန့် |
| ၄ | ဒိုင်မီသိုအိတ် ၄၀ အီးစီ | ၂၀၀ - ၄၀၀ စီစီ/ဧက | ပင်လုံးပြန့် |
| ၅ | ကာဘိုဖျူရန် ၃ ဂျီ | ၅ ကီလိုဂရမ်/ဧက | ပင်လုံးပြန့် |
| ၆ | ကားတက်ဟိုက်ဒရိုကလိုရိုဒ် ၅၀ အက်စ်ပီ | ၂၅၀ ဂရမ်/ဧက | ပင်လုံးပြန့် |
| ၇ | ကလိုပိုင်ရီဖော့(စ်) ၂၀ အီးစီ | ၃၀၀ စီစီ/ဧက | ထိသေ |

အင်္ဂလိပ်အမည် - Ear-cutting caterpillar
မြန်မာအမည် - နံ့ဖြတ်ပိုး
သိပ္ပံအမည် - *Mythimna separata*
ပျံ့နှံ့တည်ရှိမှု - အထက်မြန်မာပြည်နေရာအနှံ့(အထူးသဖြင့် ပဲခူးတိုင်း၊ မွန်ပြည်နယ်)။
စားသောက်ပုံ - ကိုက်ဖြတ်ခြစ်စားသည်။

### ဖျက်ဆီးပုံလက္ခဏာ

ပိုးလောက်ကောင်များသည် ညအချိန် စပါးပင်စည်ပေါ်တက်၍ အနှံများကို ကိုက်ဖြတ်ချလေ့ရှိသည်။ နေ့ခင်းတွင် ပိုးလောက်ကောင်များသည် စပါးပင်ခြေနှင့် မြေကြီးပက်ကြားအက်များအတွင်း ခိုအောင်းနေတတ်သည်။ အကောင်ငယ်များကြောင့် စပါးပင်ရွက်ကြောသာ ကျန်ပြီး အရွက်များမှာ အကောင်ကြီး ကိုက်ဖြတ်စားသဖြင့် စုတ်ပြတ်နေသည်။ စပါးစေ့များ၊ အနှံများ အပင်ရင်းတွင် ကျရောက်နေတတ်သည်။ မိုးဦးနှင့် မိုးနှောင်းကောင်းပြီး မိုးလယ်ခေါင်သောရာသီများတွင် ဆိုးဆိုးဝါးဝါး ကျရောက်တတ်သည်။

ဖျက်ဆီးပုံ လက္ခဏာ



နံ့ဖြတ်ပိုး၏ ဘဝစက်ဝန်း

### ကာကွယ်နှိမ်နင်းနည်း

(၁) ပိုးကျရောက် စပါးခင်းပတ်ဝန်းကျင်ရှိ ပေါင်းမြက် များကို ရှင်းလင်းပါ။
(၂) ရိုးပြတ်များမီးရှို့ပါ။
(၃) ပိုးကျရောက်ပါက ထိတွေ့ပိုးသတ်ဆေးတစ်မျိုးမျိုးအား ညနေပိုင်းတွင် ပက်ဖျန်းနှိမ်နင်းပါ။
(၄) မြန်မာနိုင်ငံတွင် ဝယ်ယူအသုံးပြုနိုင်သော ပိုးသတ်ဆေးများနှင့် နှုန်းထားများ။

| စဉ် | ပိုးသတ်ဆေး | နှုန်းထား (ဧက) | အာနိသင် |
|---|---|---|---|
| ၁ | ဒိုင်ယာဇီနွန် ၄၀ အီးစီ | ၅၀၀ စီစီ/ဧက | ထိသေ |
| ၂ | ဖီနိုက်ထရိုသီယွန် ၅၀ အီးစီ | ၅၀၀ စီစီ/ဧက | ထိသေ |
| ၃ | ဖန်သိုအိတ် ၅၀ အီးစီ | ၅၀၀ စီစီ/ဧက | ထိသေ |
| ၄ | မာလာသီယွန် ၅၇ အီးစီ | ၅၀၀ စီစီ/ဧက | ထိသေ |

အင်္ဂလိပ်အမည် - Yellow stemborer
မြန်မာအမည် - အဝါရောင်ဆစ်ပိုး
သိပ္ပံအမည် - *Scirphophaga incertulus*
ပျံ့နှံ့တည်ရှိမှု - မြန်မာပြည်နေရာအနှံ့ စပါးစိုက်ခင်းများတွင် ကျရောက်သည်။
စားသောက်ပုံ - ထွင်းဖောက်စားသောက်သည်။

### ဖျက်ဆီးပုံလက္ခဏာ

စပါးပင်ကြီးထွားချိန် ကျသောအခါ ပိုးလောက်ကောင်မှာ စပါးပင်စည်အတွင်း နေ၍ စားသောက်ဖျက်ဆီးမှုကြောင့် စပါးအူပုပ် ဖြစ်သည့် လက္ခဏာ တွေ့ရမည်။ အနှံထွက်ချိန်ကျလျှင် အနှံဖြူသည့် လက္ခဏာကို စပါးခင်းတွင် ထင်ရှားစွာ တွေ့ရလေ့ရှိသည်။ မြန်မာပြည်တွင် အဝါရောင်ဆစ်ပိုး အများဆုံး ကျလေ့ရှိသည်။ ပင်စည်တွင်း၌ ပိုးလောင်းများတွေ့ရှိခြင်း၊ ပင်စည်ပြတ်တောက်ခြင်း ၊ ပင်စည်တွင်း မစင်များရှိနေခြင်း၊ အရောင်ပျက်ခြင်း၊ ထွက်ပေါက်များရှိနေခြင်း လက္ခဏာများတွေ့နိုင်သည်။

ဖျက်ဆီးပုံ လက္ခဏာ



အဝါရောင်ဆစ်ပိုး၏ ဘဝစက်ဝန်း

### ကာကွယ်နှိမ်နင်းနည်း

၁။ စပါးခင်းပတ်ဝန်းကျင်ရှိ ပေါင်းမြက်များကို ရှင်းလင်းပါ။
၂။ ရိုးပြတ်များကိုမီးရှို့၍လည်းကောင်း အခြားနည်းလမ်းဖြင့် လည်းကောင်း ဖျက်ဆီးပါ။
၃။ အဝါရောင်ဆစ်ပိုး များပြားစွာကျသော လယ်ကွက်ထဲရှိ ရေကို တစ်ရက်ခန့် ထုတ်ပစ်ပါ။
၄။ အပင်ငယ်စဉ်၊ အူပုပ်လက္ခဏာတွေ့ရှိချိန်၌ ပင်လုံးပြန့် ဆေးခဲ တစ်မျိုးမျိုး (သို့) ပင်လုံးပြန့်ဆေးရည် တစ်မျိုးမျိုးပက်ဖျန်း နှိမ်နင်းပါ။
၅။ မြန်မာနိုင်ငံတွင် ဝယ်ယူအသုံးပြုနိုင်သော ပိုးသတ်ဆေးများနှင့် နှုန်းထားများ။

| စဉ် | ပိုးသတ်ဆေး | နှုန်းထား (ဧက) | အာနိသင် |
|---|---|---|---|
| ၁ | ဒိုင်ယာဇီနွန် ၄၀ အီးစီ | ၅၀၀ စီစီ/ဧက | ထိသေ |
| ၂ | ဒိုင်ယာဇီနွန် ၁၀ ဂျီ | ၆ ကီလိုဂရမ်/ဧက | ထိသေ |
| ၃ | အဆီဖိတ် ၇၅ အက်စ်ပီ | ၄၀၀ စီစီ/ဧက | ပင်လုံးပြန့် |
| ၄ | ဒိုင်မီသိုအိတ် ၄၀ အီးစီ | ၂၀၀ - ၄၀၀ စီစီ/ဧက | ပင်လုံးပြန့် |
| ၅ | ကာဘိုဖျူရန် ၃ ဂျီ | ၅ ကီလိုဂရမ်/ဧက | ပင်လုံးပြန့် |
| ၆ | ကားတက်ဟိုက်ဒရိုကလိုရိုဒ် ၅၀ အက်စ်ပီ | ၂၅၀ ဂရမ်/ဧက | ပင်လုံးပြန့် |
| ၇ | ကလိုပိုင်ရီဖော့(စ်) ၂၀ အီးစီ | ၃၀၀ စီစီ/ဧက | ထိသေ |

အင်္ဂလိပ်အမည် - Hispa
မြန်မာအမည် - ပိုးလောင်မီး
သိပ္ပံအမည် - *Dicladispa armigera*
ပျံ့နှံ့တည်ရှိမှု - မြန်မာပြည်နေရာအနှံ့ ကျရောက်သည်။
စားသောက်ပုံ - အစိမ်းရောင်အရွက်ကို ခြစ်စားသည်။

### ဖျက်ဆီးပုံလက္ခဏာ

ပိုးလောင်မီး၊ ကျိုင်းကောင်များသည် အစိမ်းရောင်ကို ခြစ်စားသည်။ အဖြူရောင်အမှေးပါးသာ ကျန်ရစ်သည်။ စပါးရွက်များမှာ တဖြည်းဖြည်းခြောက်လာကာ မီးလောင်ထားသကဲ့သို့ ခြောက်လာသည်။ အရွက်တွင် အဖြူရောင် အလျားလိုက်အစင်းများ တွေ့ရသည်။


ဖျက်ဆီးပုံ လက္ခဏာ



ပိုးလောင်မီး၏ ဘဝစက်ဝန်း

### ကာကွယ်နှိမ်နင်းနည်း

(၁) စပါးခင်းဝန်းကျင်ရှိ ပေါင်းမြက်များ သုတ်သင်ရှင်းလင်းပါ။
(၂) ရွက်ထိပ်ဖျားများတွင် ဥများအုတတ်သဖြင့် အရွက်ထိပ်ဖျားများကို ဖြတ်ပစ်ပါ။ စွတ်စိုသောအခြေအနေကို နှစ်သက်သဖြင့် နာရီပိုင်းမျှ ရေထုတ်ပေးပါ။
(၃) ထိတွေ့ ပိုးသတ်ဆေးတစ်မျိုးမျိုး (သို့) ပင်လုံးပြန့် ပိုးသတ်ဆေး တစ်မျိုးမျိုးအား ပက်ဖျန်းနှိမ်နင်းပါ။
(၄) မြန်မာနိုင်ငံတွင် ဝယ်ယူအသုံးပြုနိုင်သော ပိုးသတ်ဆေးများနှင့် နှုန်းထားများ။

| စဉ် | ပိုးသတ်ဆေး | နှုန်းထား (ဧက) | အာနိသင် |
|---|---|---|---|
| ၁ | ဒိုင်ယာဇီနွန် ၁၀ ဂျီ | ၅၀၀ ဂရမ်/ဧက | ထိသေ |
| ၂ | ဖီနိုက်ထရိုသီယွန် ၅၀ အီးစီ | ၅၀၀ စီစီ/ဧက | ထိသေ |
| ၃ | အဆီဖိတ် ၇၅ အက်စ်ပီ | ၄၀၀ စီစီ/ဧက | ပင်လုံးပြန့် |
| ၄ | ဒိုင်မီသိုအိတ် ၄၀ အီးစီ | ၂၀၀ - ၄၀၀ စီစီ/ဧက | ပင်လုံးပြန့် |
| ၅ | ကာဘိုဖျူရန် ၃ ဂျီ | ၅ ကီလိုဂရမ်/ဧက | ပင်လုံးပြန့် |
| ၆ | ကားတက်ဟိုက်ဒရိုကလိုရိုဒ် ၅၀ အက်စ်ပီ | ၂၅၀ ဂရမ်/ဧက | ပင်လုံးပြန့် |
| ၇ | ကလိုပိုင်ရီဖော့(စ်) ၂၀ အီးစီ | ၃၀၀ စီစီ/ဧက | ထိသေ |